**RCSS** Restoration Council of the Shan State

စာအမှတ် -၀၀၅၅/RCSS-၁/၂၀၁၁

ရက်စွဲ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၆ရက်

သို့

ဌာနဆိုင်ရာများအားလုံး

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

## အမိန့်

ရည်ညွှန်း။ ။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့တွင် တောင်ကြီးမြို့၌ ပြည်ထောင်စုမြန်မာနိုင်ငံ သျှမ်းပြည်နယ် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ လက်မှတ်ရေးထိုး ခဲ့သည့် ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် ပဏာမ သဘောတူညီချက်။

၁။ အဆိုပါ ရည်ညွှန်းချက် ရှိသည့်အတိုင်း သျှမ်းပြည်ပြန်လည် ထူထောင် ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် သက်ဆိုင်ရာဌာန အသီးသီး၊ စစ်ဒေသ အသီးသီး အားလုံး အစိုးရတပ်များနှင့် အပစ်အခတ်ရပ်စဲရန်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဆက်သွယ်ရန်ဆက်သွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်သည့် အတွက်ကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများအားလုံးကို ဗဟိုသို့တင်ပြရန်၊ ဒေသတွင်း ပြဿနာ များကို လက်နက်နှင့်မဖြေရှင်းရန်။

၃။ အဆင့်ဆင့် ဒေသခံတပ်မှူး တပ်သားများအားလုံး အစိုးရနှင့် ဆက်သွယ်ရန် တာဝန်မရှိသည့် ပုဂ္ဂိုလ်များအားလုံး အစိုးရနှင့် တိုက်ရိုက် အဆက်အသွယ်လုပ်ခြင်း လုံးဝမပြုရ။

ဗိုလ်ချုပ်ကြီး ယွက်စစ်

ဥက္ကဋ္ဌ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ